
မင်းမြတ်သူရ
ရွှေနတ်တောင်

# အခန်း (၁)

တစ်ညသ၌ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့စွန်ရှိ ရှေးဟောင်းအိမ်ကြီး၏ အနောက်ဘက်ရှိ လွန်စွာဟောင်းအိုနေသော ကျွန်းတံခါးကြီးကို အိမ်ကြီးအတွင်းမှ တစ်စုံတစ်ယောက်သောသူက ဖြည်းညှင်းစွာဖွင့်လိုက်၏။

သို့သော် တံခါးကြီးသည် ဟောင်းအိုနေပြီ ဖြစ်သဖြင့် ကျွီခနဲမြည်သောအသံထွက်ပေါ်လာပြီး တိတ်ဆိတ်ငြိမ်သက်သော အကာလညအခါတွင် ကြောက်မက်ဖွယ်အသံ ဖြစ်ပေါ်လာ၏။

ကျွန်းတံခါးကြီးပွင့်သောအ4ခါ အိမ်အတွင်းမှ လူငယ်တစ်ဦးထွက်လာပြီး လူငယ်၏ လက်ထဲတွင် လည်းယွန်းသေတ္တာလေးတစ်လုံးကို ပိုက်ထားလေ၏။

ထိုအခိုက်မှာပင် လျှပ်စီးများ တဝင်းဝင်းလက်သွားသဖြင့် လူငယ်၏ မျက်နှာကို ဝိုးတဝါး မြင်တွေ့ရလေရာ လူငယ်၏ ရှည်လျားသော ဆံပင်များသည် မျက်နှာပေါ်သို့ ဖွာလန်ကြဲနေကျနေပြီး လူငယ်၏ နုနယ်သော မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းမှုတစ်ခုကို မြင်တွေ့ရ၏။

လူငယ်သည် အိမ်ကြီး၏ အနောက်ဘက်ရှိ ချောက်ကမ်းပါးကြီးရှိရာသို့ တရွေ့ရွေ့သွားလာ နေရာ လေတဟူးဟူးတိုက်ခတ်နေသဖြင့် လူငယ်၏ အဝတ်အစားများ တဖျတ်ဖျတ် ခါနေလေ၏။

ထိုစဉ် မိုးစက်မိုးပေါက်များ ကျဆင်းလာလေရာ

ချောက်ကမ်းပါးကြီးဆီသို့ တရွေ့ရွေ့သွားလာ နေသော လူငယ်၏ ခန္ဓာကိုယ်ပေါ်သို့ မိုးရေစက်များ ထိမှန်လေ၏။

လူငယ်သည် ချောက်ကမ်းပါးကြီး၏ အစပ်သို့ရောက်သောအခါ ခြေလှမ်းများကို ရပ်တန့် လိုက်ပြီး လက်ထဲတွင် ပိုက်ထားသော ယွန်းသေတ္တာလေးကို ငုံ့ကြည့်လိုက်လေ၏။

ထို့နောက် တုန်ယင်သောလက်များဖြင့် ယွန်းသေတ္တာလေးကို ဖွင့်လိုက်လေ၏။ ထိုအခိုက် မှာပင် လျှပ်စီးများ တဝင်းဝင်းလက်လိုက်ပြန်သဖြင့် ယွန်းသေတ္တာအတွင်းမှ ဒေါင်းတံဆိပ်ဆွဲပြား ကြီးနှင့်ရွှေဆွဲကြိုးတစ်ကုံးကို တွေ့ရလေ၏။

လူငယ်သည် ယွန်းသေတ္တာအတွင်းမှ ဆွဲကြိုးကိုယူ၍ လက်ဝါးထဲတွင် ဖြန့်ကြည့်လိုက်ပြီး တုန်ယင်သောအသံဖြင့်

"အမေရယ်၊ အမေ တစ်ခု သားတစ်ခုထဲရှိတဲ့ဘဝမှာ သားကို တစ်ယောက်တည်းထားပြီး အဝေးကို ထွက်သွားတာ အံ့ပါရဲ့အမေရယ်၊ အမေဘယ်တော့ပြန်လာမှာလဲ၊ အမေ့မှာ သားထက် အရေးကြီးတဲ့လူ ရှိလို့လား၊ သားဘဝမှာတော့ အမေက အရေးကြီးဆုံးပဲအမေရယ်၊ အမေနဲ့ခွဲခဲ့ရတာ ဒီနေ့ညဆိုရင် ရှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ၊ အမေဘယ်ကိုရောက်နေသလဲ၊ အမေဘာတွေဖြစ်နေလဲ၊ ဟောဒီလိုအိမ်အို အိမ်ဟောင်းကြီးမှာ အမေ့ကို စောင့်မျှော်ရတာ ပျင်းလှပါပြီအမေ၊ အမေနဲ့ ပတ်သက်တဲ့ အမှတ်သားဆိုလို့ ဟောဒီ ဒေါင်းတံဆိပ်ဆွဲပြားကြီးပါတဲ့ ဆွဲကြိုးတစ်ကုံးပဲ ကျန်ခဲ့တယ်၊ အမေ့ကို သတိရတိုင်း ဒီဆွဲကြိုးကို ထုတ်ကြည့်ပြီး အလွမ်းဖြေရတယ်၊ သားဒီဒဏ်တွေကို မခံ နိုင်တော့ဘူးအမေ၊ ဟောဒီဆွဲကြိုးကိုလည်း မမြင်ချင်တော့ဘူး၊ ဒါကြောင့် ဆွဲကြိုးကို ချောက် ကမ်းပါးထဲ ပစ်ချလိုက်တော့မယ်၊ ဒါဆိုရင် အမေ့ကိုသား ခဏခဏ သတိမရတော့ဘူးပေ့ါ၊ ဆွဲကြိုးကို ဖျောက်ဖျက်ပစ်တဲ့အတွက် သားကိုခွင့်လွှတ်ပါအမေ"

ဟုပြောရင်း လူငယ်သည် ဆွဲကြိုးကို လက်ထဲတွင်တင်းတင်း ဆုတ်ကိုင်ထားရာမှ နောက်ဆုံး အနေဖြင့် ဖြန့်ကြည့်လိုက်၏ ။

ထို့နောက်ချောက်ကမ်းပါးထဲသို့ လွှင့်ပစ်ရန်ဟန်ပြင်လိုက်၏ ။

ထိုအခိုက်မှာပင် သူ၏ အနောက်မှ

“လူကလေး မလုပ်နဲ့လေ”

ဟူသောအသံကိုကြားရ၍ လူငယ်ကလှည့်ကြည့်လိုက်ရာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများရှိ သော အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ယောက်ကို တွေ့ရလေ၏ ။

လူကြီးသည် လူငယ်နှင့် မနီးမဝေးတွင်ရပ်တန့်နေရာမှ အနီးသို့ ရောက်လာပြီး လူငယ်၏ ပခုံးကို လက်တင်လိုက်ပြီး

“ကိုယ့်စိတ်ကိုယ် ကိုယ်ထိန်းဦးမှပေါ့ လူကလေးရယ်၊ ဒီနေ့ညဟာ ညီမလေး နန်းကြည် ထွက်သွားတာ ရှစ်နှစ်တင်းတင်းပြည့်တဲ့ညဆိုတာ ကျုပ်သတိမမူလိုက်မိဘူး”

ဟုဆိုလိုက်ရာ လူငယ်သည် ချောက်ထဲသို့လွှင့်ပစ်ရန်ကြံစည်ထားသောလက်ကို ချလိုက်ပြီး လူကြီး၏ မျက်နှာကိုကြည့်လိုက်လေ၏ ။

ထိုအခါ လျှပ်စီးများ တဝင်းဝင်းလက်နေသဖြင့် မိုးရေစက်များ ရွှဲစိုနေသော လူကြီး၏ တည်ငြိမ်ရင့်ကျက်သော မျက်နှာကိုမြင်ရလေ၏ ။

လူကြီးသည် လူငယ်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

“လူမှာ အရေးကြီးဆုံးက စိတ်ကို ထိန်းချုပ်နိုင်ဖို့ပဲ၊ စိတ်ကို အနိုင်ယူနိုင်ရင် အရာအားလုံး ဖြစ်မြောက်နိုင်တယ်လို့ လူကလေးကို ပြောဖူးတယ်လေ၊ ဘာဖြစ်လို့ စိတ်လိုက်မာန်ပါ လုပ်ဖို့ကြိုးစားရတာ လဲ”

ဟုမေးမြန်းလေရာ လူငယ်သည် ခေါင်းငိုက်စိုက်ချ၍ ဒေါင်းတံဆိပ်ဒင်္ဂါးပြားကို တင်းတင်းဆုတ် ကာ

"ကျုပ်အမေ့ကို သိပ်သတိရတယ်၊ အမေဘာလို့ထွက်သွားရတယ်ဆိုတာ သိပ်သိချင်တယ်၊ ဒီအတိုင်းမနေနိုင်တော့ဘူး၊ ကြာရင်အမေ့ကို သတိရတဲ့စိတ်နဲ့ ကျုပ်ရူးလိမ့်မယ်၊ ဟောဒီ ဒေါင်းတံဆိပ် ဒင်္ဂါးဆွဲကြိုးကိုမြင်ရင် ပိုဆိုးတယ်၊ ဒါကြောင့် ဆွဲကြိုးကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားရတာ ပါ"

ဟုပြောလေ၏။ လူကြီးက မိုးရေစက်များ ရွှဲရွှဲစိုနေသော လူငယ်၏ ဆံပင်များကို သပ်၍

"လူကလေး သိချင်တာတွေ ဒီနေ့ညမှာ သိရမှာပါကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ လူကလေးအသက် ဆယ်ရှစ်နှစ်ပြည့်တဲ့နေ့လေ၊ တကယ်တော့ ညီမလေးနန်းကြည်မှာကြားချက် တွေကို မေ့လျော့နေမိတဲ့ ကျုပ်ရဲ့အမှားပါ၊ ညီမလေးနန်းကြည်သိရင် ကျုပ်ကို ခွင့်လွှတ်နိုင်မယ် မထင်ဘူး"

ဟုပြောလေရာ လူငယ်က မျက်မှောင်ကြုတ်၍ လူကြီးကိုလှမ်းကြည့်လိုက်ပြီး

"ကျုပ်သိချင်တာတွေ သိရမယ်ဟုတ်လား ဦးအိုက်ပန် တကယ်ပြောတာလား"

ဟုမေးမြန်းလေ၏၊ ဦးအိုက်ပန်ဆိုသောလူကြီးက သက်ပြင်းချ၍

"ညီမလေး နန်းကြည်က လူကလေးအသက်ဆယ်ရှစ်နှစ်ပြည့်ရင် သူအိမ်ကထွက်သွားရတဲ့ အကြောင်းကို ပြောပြခွင့်ပြုလိုက်တယ်"

ဟုပြောလေရာ လူငယ်က ဦးအိုက်ပန်ကို စိတ်အားထက်သန်စွာ ဖြင့်ကြည့်ရှု၍

"ဒါဆိုရင် အိမ်ထဲကို လိုက်ခဲ့ပေတော့လူကလေး"

ဟုဆိုကာ ရှေးအိမ်ဟောင်းကြီးဘက်သို့ ခြေလှမ်းကြဲကြီးဖြင့် ဝင်ရောက်သွားလေ၏။

လူငယ်သည် လက်ထဲရှိ ဒေါင်းဒင်္ဂါးလေးပါသော ဆွဲကြိုးကို ယွန်းသေတ္တာအတွင်းသို့ ပြန်ထည့် ၍ စိတ်လှုပ်ရှားစွာဖြင့် ဦးအိုက်ပန်အနောက်သို့ လိုက်ခဲ့လေ၏။

ယနေ့ညတွင် သူ့မိခင်၏ လျှို့ဝှက်သောဘဝနောက်ကြောင်းကို သိရပေတော့မည်။

*

အိမ်ကြီးထဲသို့ရောက်သောအခါ နှစ်ယောက်သားအဝတ်အစားများလဲလှယ်ကြပြီး မီးလင်းဖိုရှေ့ တွင်ထိုင်ကြလေ၏။

လူငယ်သည် စိတ်လှုပ်ရှားစွာဖြင့် မီးကျီခဲများကို သံချောင်းဖြင့်ထိုးဆွနေ၏။ မိခင်၏ အကြောင်းကို အမြန်ဆုံးသိချင်လှပေပြီ။

မိခင်သည် သူဆယ်နှစ်သားအရွယ်ကပင် အိမ်ကြီးမှထွက်ခွာသွားခဲ့၏၊ မိခင်ထွက်ခွာသွားသော ညတွင် မိုးကြိုးမုန်တိုင်းများ ထန်နေသော ယခုလိုညမျိုးဖြစ်၏။

လွန်ခဲ့သောရှစ်နှစ်က ညတစ်ခါတွင် သူကြေကွဲဝမ်းနည်းစွာ ငိုယိုခဲ့ရ၏။

"အမေ... သားကိုထားပြီးမသွားပါနဲ့"

ဟုအော်ဟစ်တောင်းပန်သော်လည်း မိခင်သည် မျက်ရည်ရွှမ်းသောမျက်ဝန်းများဖြင့် သမင် လည်ပြန်လှည့်ကြည့်ကာ အံကိုကြိတ်၍ ကျောခိုင်းထွက်ခွာသွား၏။

ထိုမြင်ကွင်းကို သူတစ်သက်လုံး မေ့လျော့၍ မရခဲ့ချေ။

အိမ်မက်ဆိုးများ မက်သောညတိုင်း မိခင်နှင့်ခွဲခွာခဲ့ရသောညကို ပြန်သတိရ၏။

မိခင်သည် မည်သည့်ပယောဂကြောင့် ဖတစ်ဆိုးသားကို ခွဲခွာထားရစ်လေသည်မသိ။

ဖခင်သည် သူငယ်စဉ်ကပင် အဆိပ်ပြင်းသောပင့်ကူတစ်ကောင်ကိုက်ခဲမှုကြောင့် သေဆုံးခဲ့ရ လေ၏။

မိခင်ကလည်း သူ့ကိုခွဲခွာထားရစ်ခဲ့၏။ မိမိအား ဦးအိုက်ပန်ကပင် ကျွေးမွေးပြုစုရင်း ကျန်ရစ်ခဲ့ ၏။

ဦးအိုက်ပန်သည် မီးလင်းဖိုရှေ့တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကိုင်နှကာ

"တကယ်တော့ ဒီအဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်လောက်က ဖြစ်ခဲ့ကြတာပါ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နန်းခမ်းမြို့နဲ့မနီးမဝေးမှာရှိတဲ့ ရွာကလေးတစ်ရွာမှာ ရှမ်းသိုင်း ဆရာကြီး ဦးစိုင်းလုံဆိုတာရှိတယ်၊ ဦးစိုင်းလုံဟာ ရှမ်းစော်ဘွားတွေလက်ထက်ကတည်းကဟော်နန်းမှာ သိုင်းပညာသင်ပေးတဲ့ဆရာကြီးပဲ၊ နောက်တော့ စော်ဘွားနဲ့ မသင့်မမြတ်ဖြစ်ပြီး နမ်းခမ်းအနီးက ရွာကလေးမှာ မထင်မရှားဇာတ်မြှုပ်ပြီး နေထိုင်ခဲ့တယ်၊ နောက်တော့ အနီးအနား ပတ်ဝန်းကျင်ရွာက သိုင်းသင်ချင်တဲ့လူငယ်လေးတွေကို သင်ပြပေးခဲ့တယ်၊ ဦးစိုင်းလုံမှာ သားသမီးသုံးယောက်ရှိတယ်၊ အကြီးဆုံးသားကတော့ စိုင်းလုံကျောက်တဲ့၊ သားလတ်ကတော့ စိုင်းပန်တဲ့၊ အငယ်ဆုံးသမီးကတော့ နန်းကြည်တဲ့"

ဟုဆိုလိုက်ရာ စိတ်ဝင်စားစွာနားထောင်နေသော လူငယ်သည် ဆတ်ခနဲတုန်ယင်သွားပြီး

"ဟင်… ဒါဆိုရင် ကျွန်တော့်ရဲ့အဘိုးက ရှမ်းသိုင်းဆရာကြီး ဦးစိုင်းလုံပေါ့၊ ကျုပ်ရဲ့ဦးလေး နှစ်ယောက်ရှိသေးတယ်ပေါ့"

ဟုအားတတ်သရော မေးမြန်းလေ၏ ။

ဦးအိုက်ပန်က သက်ပြင်းချ၍ လက်ကာပြလိုက်ပြီး

"ကျုပ်ပြောတဲ့စကားကို ပြီးဆုံးအောင်နားထောင်ပါ လူကလေး၊ အားလုံးပြီးဆုံးရင် အရာရာကို နားလည်သဘောပေါက်သွားမှာပါ"

ဟုပြောလေ၏ ။ လူငယ်သည် စိတ်လှုပ်ရှားစွာဖြင့် နားစွင့်နေလေ၏ ။ ဦးအိုက်ပန်က ဆက်လက် ၍

"သားသမီးသုံးယောက်ထဲမှာ အစ်ကိုအကြီးဆုံး စိုင်းလုံကျောက်က စိတ်သဘောထား အခက် ထန်ဆုံးပဲ၊ စိတ်ကြီးပီး စိတ်ဓာတ်ပြင်းထန်လွန်းတယ်၊ သားလတ်စိုင်းပန်ကတော့ စိတ်သဘောထား သိမ်မွေ့ပြီး သိုင်းပညာအထူးချွန်ဆုံးပဲ၊ အငယ်ဆုံးသမီးနန်းကြည်ကတော့ ရိုးသားသိမ်မွေ့ပြီး မိန်းမသား ပီပီ နူးညံ့လွန်းတယ်၊ သူဟာသိုင်းပညာကို ဝါသနာမပါဘူး၊ ဖခင်ကြီးဦးစိုင်းလုံဟာ သိုင်းပညာ သင်ပေး ဖို့ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒီလိုနဲ့ ဦးစိုင်းလုံနဲ့သားသမီးသုံးယောက်ဟာ ရွာကလေးမှာ အေးအေးချမ်းချမ်းနေထိုင်နေတုန်း တစ်နေ့တော့ ရွာကို မျက်နှာစိမ်းတစ်ယောက် ရောက်လာတယ်၊ သူဟာ ရာဇဝတ်လူဆိုးတွေကို ဖမ်းပြီး ဆုတွေထုတ်စားနေတဲ့သူပေါ့"

ဟုပြောလေရာ လူငယ်သည် ထိုသူ၏ အလုပ်အကိုင်ကို လွန်စွာစိတ်ဝင်စားသွားပြီး ဆတ်သား ခြောက်တစ်ဖဲ့ကိုဝါးကာ

"ဟင်…ဒီလူရဲ့အလုပ်အကိုင်က ထူးခြားလှချည်လား၊ သူရသတ္တိတော့ အတော်ကောင်းမယ် ထင်တယ်၊ သူဟာ ရှမ်းလူမျိုးတစ်ယောက်လား"

ဟုမေးမြန်းလေ၏။ ဦးအိုက်ပန်က ခေါင်းခါ၍

“သူဟာရှမ်းလူမျိုးမဟုတ်ဘူးကွယ်၊ ပြည်မကလာတဲ့ မြန်မာလူမျိုးတစ်ယောက်ပဲ၊ သူဟာ ရှမ်းပြည်နယ်ဘက်ကို ရာဇဝင်လူဆိုးတစ်ယောက် အနံ့ခံပြီး လိုက်လာခဲ့တာပဲ၊ သူ့နံမည်က မိုးဇက်တဲ့”

ဟုဆိုလိုက်ရာ လူငယ်သည် စိတ်ဝင်တစားနားထောင်နေရာမှ မျက်လုံးများ ပြူးဝိုင်းသွားပြီး

“ဟင်… သူ့နာမည်နဲ့ ကျုပ်နာမည် ဆင်တူတယ်နော်၊ သူကမိုးဇက်၊ ကျုပ်က မိုးခိုက်”

ဟုရေရွတ်လေ၏။ ထိုအခါဦးအိုက်ပန်က လူငယ်၏ မျက်လုံးအစုံကို စိုက်ကြည့်၍

“နာမည်ချင်းဆင်တာပေါ့လူကလေးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ မိုးဇက်ဆိုတဲ့ လူစွန့်စား ဟာတစ်ချိန်ကျရင် လူကလေးအဖေဖြစ်မဲ့လူပဲ”

ဟုပြောလေ၏။ ဦးအိုက်ပန်၏ စကားကြောင့် လူငယ်သည် ရင်ထဲတွင် အလွန်လှုပ်ရှားသွားပြီး

“ဟင်…ဒီလူက ကျုပ်ရဲ့အဖေဟုတ်လား၊ ဒါဆိုရင် မြန်မြန်ပြောစမ်းပါ၊ ကျုပ်သိချင်လှပြီ”

ဟုမေးမြန်းလေ၏။

ဦးအိုက်ပန်က ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်ပြီး သူ၏ စကားကို ဆက်လေ၏။

“မိုးဇက်ရွာကိုရောက်တဲ့နေ့မှာ မင်းဦးလေးစိုင်းလုံကျောက်ဟာ ရွာထိပ်အရက်ဆိုင်မှာ ပြဿနာတစ်ခုဖြစ်နေတယ်၊ အဲဒါကတော့ရွာထဲက ကာလသားတစ်ချို့ဟာ မင်းအမေ နန်းကြည် ရေချိုးတာကို ချောင်းကြည့်တဲ့ကိစ္စပဲ၊

နန်းကြည်ဟာ ရွာပြင်က စမ်းချောင်းကလေးမှာ ရေချိုးလေ့ ရှိတယ်၊ သူဟာ ရွာရဲ့အချောဆုံးမိန်းမပျိုဆိုတော့ ကာလသားတွေစွဲမက်တာလဲအပြစ်မဆိုသာဘူး၊ နန်းကြည်ရေချိုးတာကို ချောင်းကြည့်တဲ့အကြောင်းကို စိတ်သဘောထားခက်ထန်တဲ့ စိုင်းလုံကျောက် သိသွားသောအခါ ဒေါသူပုန်ထပြီး အဲဒီ ကာလသားတွေကျက်စားတတ်တဲ့ ရွာပြင်က အရက်ဆိုင်မှာ သွားသောင်းကျန်းတာပေါ့၊ စိုင်းလုံကျောက်ဟာ ဒေါသတကြီးနဲ့ သူ့ညီမရေချိုးတာကို ချောင်းကြည့်တဲ့ ကောင်တွေကို ရိုက်နှက်နေခဲ့တယ်၊ ဒီအချိန်မှာပဲ တစ်နေ့မှာ မင်းအဖေဖြစ်လာမဲ့ မိုးဇက်ရောက်လာပြီး စိုင်းလုံကျောက်ကို အထင်လွဲပြီး ဝင်တားဆီးတယ်၊ စိုင်းလုံကျောက်ဟာ အခြေနေမှန်ကို မရှင်းပြဘဲ မိုးဇက်ကိုတိုက်ခိုက်ခဲ့တယ်၊ မိုးဇက်ကလည်း မြန်မာသိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက် တဲ့သူဆိုတော့ သူတို့နှစ်ယောက်ဟာ အပြင်းအထန်တိုက်ခိုက်ခဲ့ကြတယ်၊ အဲဒီ အချိန်မှာပဲ နန်းကြည် ဟာသူ့အတွက် ရန်ဖြစ်နေတာကိုကြားတဲ့အတွက် ရွာထိပ်အရက်ဆိုင်ကို လိုက်လာခဲ့တယ်၊ အဲဒီ မှာ မိုးဇက်နဲ့နန်းကြည်ဟာ တစ်ယောက်နဲ့တစ်ယောက် မြင်မြင်ချင်း စွဲမက်သွားခဲ့တယ်၊ မိုးဇက်ဟာ နန်းကြည်က တားဆီးတဲ့အတွက် ရန်ပွဲကို ရပ်တန့်ပေးလိုက်ပေမဲ့ စိတ်သဘောထားခက်ထန်တဲ့ စိုင်းလုံကျောက်ကတော့ ဒီကိစ္စကို အခဲမကျေဖြစ်ပြီး မိုးဇက်ကို နောက်တစ်ကြိမ် ယှဉ်ပြိုင်ဖို့ စိန်ခေါ်ခဲ့ တယ်။ မိုးဇက်က တောင်းပန်ပေမဲ့ တောင်းပန်တာကို စိုင်းလုံးကျောက်က လက်မခံခဲ့ဘူး၊ ဒါကြောင့် မိုးဇက်ဟာ အသည်း ကောင်းတဲ့ယောကျ်ားတစ်ယောက်ဆိုတော့ စိုင်းလုံကျောက်ရဲ့စိန်ခေါ်မှုကို လက် ခံခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ နောက်တစ်ပတ်ပြည့်တဲ့နေ့မှာ အရှုံးအနိုင်ပေါ်အောင်ပြန် တိုက်ခိုက်မယ်လို့ သဘောတူခဲ့တယ်၊ မိုးဇက်ဟာ ယောက်ဖလောင်းရဲ့စိန်ခေါ်မှုကို လက်ခံခဲ့ပေမဲ့ သူ့နှလုံးသားထဲမှာ နန်းကြည်က နေရာယူသွားပြီလေ”

ဟုပြောကာ ဦးအိုက်ပန်သည် ဆတ်သားခြောက်တစ်ဖဲ့ကို

စားသောက်လေ၏။ လူငယ်သည် စိတ်ဝင်စားဟန်ဖြင့် ဦးအိုက်ပန်၏ မျက်နှာကို ငေးမောကြည့်ရှုနေလေ၏။ ဦးအိုက်ပန်က ဆက်လက်၍

"တကယ်တော့ မိုးဇက်ဟာ စိုင်းလုံကျောက် ရန်ပွဲဖြစ်ပွားတဲ့အချိန်မှာ သိုင်းဆရာကြီး ဦးစိုင်းလုံ ဘုရားဖူးထွက်သွားသည့်အတွက် ဒီလိုပြဿနာမျိုးတွေ ဖြစ်ခဲ့ရတာ ပဲ၊ ဒီလိုနဲ့ စိုင်းကျောက်လုံနဲ့ မိုးဇက်ဟာ တစ်ပတ်ပြည့်တဲ့နေ့မှာ သိုင်းပညာချင်း ယှဉ်ပြိုင်ဖို့ပြင်ဆင်ကြတယ်၊ ဒီအချိန်မှာ စိုင်းလုံကျောက်ရဲ့ညီငယ် စိုင်းပန်က အစ်ကိုကြီးရဲ့စိတ်ဓာတ်ခတ်ထန်ပုံကိုသိသည့်အတွက် ရန်ပွဲ မဖြစ်ပွားဖို့ တားမြစ်ခဲ့တယ်၊ နောက်ဆုံးမှာ စိုင်းလုံကျောက်ကို တားဆီးလို့မရတဲ့အဆုံးမှာ မိုးဇက်နဲ့ သူကိုယ်တိုင် ယှဉ်ပြိုင်မယ်လို့ ပြောဆိုခဲ့တယ်၊ စိုင်းလုံကျောက်ဟာ သူ့ရဲ့ညီငယ် စိုင်းပန်ဟာ သူ့ထက်ပိုပြီး သိုင်းပညာကောင်းမွန်မှန်းသိတဲ့အတွက် မိုးဇက်နဲ့ ညီငယ်တိုက်ခိုက်မှာကို မတားမြစ် ခဲ့ဘူး၊ တကယ်တော့ စိုင်းပန်ဟာ စိုင်းလုံကျောက်နဲ့တိုက်ခိုက်ပြီး ခြေလွန်လက်လွန်ဖြစ်မှာစိုးလို့ သူကိုယ်တိုင် အစားဝင်တိုက်ခိုက်တာဖြစ်တယ်၊ နောက်ဆုံးတော့ မိုးဇက်ဟာ မတတ်သာဘဲ စိုင်းပန်နဲ့ ရင်ဆိုင်ခဲ့ရတယ်၊ သူတို့နှစ်ယောက်ဟာ အကြီးအကျယ်တိုက်ပွဲဝင်ခဲ့ကြတယ်၊ နှစ်ဦးစလုံးရဲ့ ကိုယ်ခံ ပညာဟာမတိမ်းမယိမ်းဖြစ်နေလို့ တစ်နေကုန်တိုက်ပွဲဆင်တာတောင် အနိုင်အရှုံးမပေါ်ခဲ့ဘူး၊ ဒီလိုနဲ့ ညနေ နေဝင်ကာနီးတဲ့အခါ မမျှော်လင့်ဘဲ အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့တယ်"

ဟုပြောကာ ဦးအိုက်ပန်သည် ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်နေပြန်၏။

ပြီးနောက် ဦးအိုက်ပန်က ဆက်လက်၍

"မိုးဇက်ဟာ နေဝင်ကာနီးလာလို့ တိုက်ပွဲကိုရပ်တန့်ပြီး လက်ရည်တူကြောင်းပြောဆိုဖို့ ကြံစည် နေတုန်းမှာပဲ စိုင်းပန်ဟာ ကျောက်ခဲတစ်လုံးကို နင်းမိပြီး မိုးဇက်ရဲ့ရှေ့ကို စိုက်ကျသွားတယ်၊ မိုးဇက်

ဟာတိုက်ပွဲကို ရပ်တန့်ဖို့ကြံစည်ပြီးသား ဖြစ်တဲ့အတွက် သူ့ရဲ့လုံ့ရှည်ကို ရပ်သိမ်းဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ အရှိန်လွန်ကျသွားတဲ့ စိုင်းပန်ဟာ ချက်ကောင်းကို ထိမှန်တဲ့အတွက် မြေပေါ်ကို ပြိုလဲကျပြီး နာကျင်လွန်းလို့ အားခနဲအော်ဟစ်လိုက်တယ်၊ တကယ်တော့မိုးဇက်ဟာ တိုက်ခိုက်ဖို့မရည်ရွယ်တဲ့အချိန်ရောက်မှာ ထိမှန်သွားတာဖြစ်တယ်၊ မိုးဇက်ဟာ စိုင်းပန်ကို မြေပေါ်က ပွေ့ထူပြီးဝမ်းနည်း ကြောင်းအတန်တန်ပြောဆိုခဲ့တယ်၊ ဒီအချိန်မှာပဲ စိုင်းလုံကျောက်က မိုးဇက်ကို ဒေါသတကြီး တွန်းလွှတ်ပြီး သူ့ညီကို မထိဖို့ပြောပြီး မိုးဇက်နဲ့တစ်နေ့မှာ ယှဉ်ပြိုင်တိုက်ခိုက်ဦးမယ်လို့ ကြုံးဝါးခဲ့တယ်၊ မိုးဇက်ကို ဒဏ်ရာရနေတဲ့ စိုင်းပန်က ခွင့်လွှတ်ကြောင်းပြောဆိုခဲ့သေးတယ်၊ မိုးဇက်ဟာရွာမှာနေပြီး သူ့ကြောင့်ဒဏ်ရာရသွားတဲ့စိုင်းပန်ကို ပြုစုချင်ပေမဲ့ ရွာသားတွေရဲ့ မေတ္တာရပ်ခံချက်အရ ရွာက ထွက်ခွာသွားခဲ့ရတယ်၊ ရွာသားတွေက စိုင်းလုံကျောက်ရဲ့ စိတ်ဓာတ်ကို သိတဲ့အတွက် မိုးဇက်မှာ အန္တရာယ်ရှိတယ်ဆိုတာ သဘောပေါက်ကြတယ်၊ ဒီလိုနဲ့ မိုးဇက်ရွာကထွက်သွားပြီး တစ်ပတ်အကြာမှာ စိုင်းပန်ဟာ သေဆုံးသွားခဲ့တယ်၊ စိုင်းပန်သေဆုံးတဲ့အချိန်မှာ စိုင်းလုံကျောက်ဟာ ရင်ထုမနာဖြစ်ပြီး သူ့ညီအတွက်လက်စားချေမယ်လို့ ကြုံးဝါးခဲ့တယ်၊ ဒီလိုနဲ့ စိုင်းလုံကျောက်ဟာ တစ်ဇွတ်ထိုးစိတ်နဲ့ ညီအတွက် လက်စားချေမယ်ဆိုပြီး ရွာကထွက်သွားခဲ့တယ်”

ဟုပြောရင်း ဆတ်သားခြောက်ကို ဖဲ့၍ ဝါးစားပြန်၏။ လူငယ်သည် စကားတစ်လုံးမျှ ဝင်မပြော ဘဲဦးအိုက်ပန်၏ စကားများကိုသာ စိတ်အားထက်သန်စွာ နားထောင်နေလေ၏။

ဦးအိုက်ပန်က ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ရင်း စကားဆက်ပြန်၏။

“စိုင်းလုံကျောက်ဟာ ဖခင်ကြီးရဲ့တားဆီးမှုကိုတောင် မခံဘဲ မိုးဇက်ကို ရှာဖွေမယ်ဆိုပြီး မြန်မာပြည်အနှံ့ထွက်ခွာသွားခဲ့တယ်၊ ဒီအချိန်မှာပဲ မိုးဇက်ဟာ

ရွာကိုရောက်လာပြီး သေဆုံးသွားတဲ့ စိုင်းပန်အတွက် ဝမ်းနည်းကြောင်းပြောပြီး ဆရာကြီးစိုင်းလုံကို တောင်းပန်ခဲ့တယ်၊ သေဆုံးသွားတဲ့သား အတွက် သူ့ကို သားတစ်ယောက်နဲ့အစားထိုးပါဆိုပြီး ဆရာကြီးစိုင်းလုံရဲ့အိမ်မှာနေပြီး ဝတ်ကြီး ဝတ်ငယ်ပြုစုပေးခဲ့တယ်၊ ဦးစိုင်းလုံဟာအသိဉာဏ်ရှိပြီး စိတ်သဘောထား နူးညံ့သိမ်မွေ့တဲ့သူဖြစ်တဲ့ အတွက်မိုးဇက်အပေါ် အာဃာတမထားဘဲခွင့်လွှတ်နိုင်ခဲ့တယ်၊ ရွာသူရွာသားတွေကတော့ စိတ်သဘောထား ကြမ်းကြုတ်ရက်စက်တဲ့ စိုင်းလုံကျော် ရွာကိုပြန်လာရင်တော့ ပြဿနာအကြီး အကျယ်တက်တော့မယ် ဆိုတာ ရိပ်စားမိနေတယ်၊ ဒီလိုနဲ့ မိုးဇက်နဲ့ နန်းကြည်ဟာ ဆရာကြီးကို ပြုစုရင်း အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသလို ချစ်သူဖြစ်ခဲ့ကြတယ်၊ ဒီလိုနဲ့ ဆရာကြီး နာမကျန်းဖြစ်ပြီး သေဆုံးကာနီးမှာ သူတို့နှစ်ယောက်ကို လက်ဆက်ပေးခဲ့တယ်၊ ဆရာကြီးဟာသားကြီးစိုင်းလုံကျော် ပြန်လာရင် ပြဿနာဖြစ်မယ်ဆိုတာ ရိပ်စားမိတဲ့အတွက် သူတို့ ရွာမှာမနေစေတော့ဘဲ ဟောဒီရှေးအိမ်ကြီးမှာ နေထိုင်ဖို့ စေခိုင်းခဲ့တယ်”

ဟုပြောလေရာ လူငယ်က ဦးအိုက်ပန်၏ စကားကို နားထောင်နေရာမှ ဝင်၍

“ဒီအိမ်ကြီးဟာ ဆရာကြီးဦးစိုင်းလုံနဲ့ ဘယ်လိုပတ်သက်လို့လဲ”

ဟုမေးမြန်းလေ၏ ။ ထိုအခါ ဦးအိုက်ပန်က သက်ပြင်းချ၍

“တကယ်တော့ ဒီအိမ်ကြီးဟာ ဆရာကြီးကို ဆုတော် လာဘ်တော်အနေနဲ့ ဘုရင်က ဆုချီးမြှင့် ထားခဲ့တယ်၊ဆရာကြီးဟာ အိမ်ကြီးမှာမနေချင်တာနဲ့ သူ့ရဲ့လူယုံတော်ကြီးတစ်ယောက်ကို အိမ်ကြီးမှာ နေခိုင်းပြီး သူကိုယ်တိုင်ကတော့ ဇာတိရပ်ရွာမှာပြန်နေခဲ့တယ်၊ ဆရာကြီးဟာ သူသေကာနီးမှာ မိုးဇက် နဲ့နန်းကြည်တို့လင်မယားကို ရွာကထွက်ခွာခိုင်းတယ်၊ မိုးဇက်တို့ဟာ ဆရာကြီးရဲ့ဆန္ဒအတိုင်း ဒီအိမ် ကြီးကို ရောက်လာပြီး

လူယုံတော်ကြီးနဲ့အတူနေခဲ့တယ်၊ လူယုံတော်ကြီးဆိုတာကတော့ ကျုပ်ပါပဲ လူကလေး”

ဟုပြောလေရာ လူငယ်က ဦးအိုက်ပန်ကို အံ့သြဟန်ဖြင့်ကြည့်၍

“သြော် … လူယုံတော်ကြီးဆိုတာ ဦးအိုက်ပန်ဖြစ်နေတာကိုး”

ဟုရေရွတ်လေ၏။ ဦးအိုက်ပန်က သူ၏ စကားကို ဆက်ပြန်၏။

“ဒီလိုနဲ့ ဒီအိမ်ကြီးမှာပဲ လူကလေးကိုမွေးဖွားခဲ့တယ်၊ လူကလေး နှစ်နှစ်သားအရွယ်မှာပဲ လူကလေးရဲ့အဖေမိုးဇက်ဟာအဆိပ်ပြင်းတဲ့ပင်ကူတစ်ကောင်ကိုသဘောကျပြီးမွေးမယူဆောင်လာခဲ့တယ်၊ ပင့်ကူလေးဟာသေးငယ်ပေမဲ့ အလွန်အဆိပ်ပြင်းတယ်၊ ပင့်ကူရဲ့အရောင်က နီနီရဲရဲလေးနဲ့ မသိရင် အလွန်သဘောကျဖို့ကောင်းတယ်၊ မိုးဇက်ဟာ ပင့်ကူလေးကို ဝါးနဲ့ရက်ထားတဲ့ တောင်းကလေးတစ်လုံးနဲ့အလုံပိတ်ထားတယ်၊ ရှေ့ဆက်ပြီး ပြောရမဲ့အကြောင်းတွေကတော့ ဂမ်း နည်းကြေကွဲစရာကောင်းတယ်လူကလေး၊ ဒါပေမဲ့အတိတ်ကို မပြောဘဲနဲ့လဲ မဖြစ်နိုင်တဲ့အတွက် ပြန်ပြောရမှာပဲ”

ဟုဆိုလိုက်ရင်း ဦးအိုက်ပန်က လူငယ်၏ မျက်နှာကို ကြည့်ရှုလေ၏။ လူငယ်က ခေါင်းကိုညိတ် ၍

“ပြောပါ ဦးအိုက်ပန်၊ ဂမ်းနည်းစရာကောင်းရင်လဲ ကျုပ်စိတ်ကို ထိန်းဖို့ကြိုးစားပါမယ်”

ဟုပြောလေ၏။ ဦးအိုက်ပန်က ရေနွေးကြမ်းကို ငုံ့သောက်လိုက်ပြီးမှ

“မိုးဇက်ဟာ ပင့်ကူနီလေးကို သဘောကျလွန်းလို့ သူ့အိပ်ရာနဘေးမှာ အမြဲထားအိပ်တယ်၊ ဒီလိုအိပ်စက်ခြင်းဟာ သူ့အတွက် ကြမ္မာငင်ဖို့ဖြစ်လာတယ်၊ တစ်ညမှာ ပင့်ကူနီလေးထည့်ထားတဲ့ ဝါးတောင်းလေးရဲ့အဖုံးဟာ ပွင့်သွားပြီး

ပင့်ကူနီလေးဟာ မိုးဇက်ရဲ့ ကိုယ်ပေါ်တက်ပြီး လည်ပင်းကို ကိုက်ခဲလိုက်တယ်၊ မိုးဇက်ဟာ ပင့်ကူနီလေးရဲ့အဆိပ်ကြောင့် သေဆုံးခဲ့ရတယ်၊ ပင့်ကူနီလေးလည်း လူကို ကိုက်ပြီး သေဆုံးခဲ့ရတယ်”

ဟုပြောလေရာ လူငယ်က မျက်မှောက်ကြုတ်၍

“နေပါဦး ဦးအိုက်ပန် ပင့်ကူနီလေးကို ထည့်ထားတဲ့ဝါးတောင်းလေးဟာ မလုံခြုံလို့လား”

ဟုမေးမြန်းလေ၏။ ဦးအိုက်ပန်က ခေါင်းကိုခါယမ်း၍

“ဝါးတောင်းလေးဟာ လူကလေးအမေ နန်းကြည်ကိုယ်တိုင် သေသေချာချာရက်လုပ်တဲ့ အတွက် အလွန်လုံခြုံပါတယ်။ ဝါးတောင်းကလေးရဲ့အဖုံးမှာလဲ လုံခြုံအောင် သေသေချာချာလုပ်ထား ခဲ့တယ်”

ဟုပြောလေရာ လူငယ်က မကျေမနပ်ဖြင့် ခေါင်းကိုခါယမ်း၍

“ဒီလောက်လုံခြုံတဲ့ဝါးတောင်းထဲက ပင့်ကူနီလေးက ဘာဖြစ်လို့ အပြင်ရောက်ပြီး ကျုပ်အဖေ ကိုကိုက်ခဲ့ရတာ လဲ”

ဟုမေးမြန်းလေ၏။ ဦးအိုက်ပန်က သက်ပြင်းချ၍

“ဝါးတောင်းလေးရဲ့အဖုံးကို တစ်စုံတစ်ယောက်က ဖွင့်သွားခဲ့တယ်လေ”

ဟုပြောလေ၏။ လူငယ်က ဒေါသတကြီး တက်ခေါက်၍

“အဲဒီ လူဟာ ဘယ်သူလဲ”

ဟုမေးမြန်းလိုက်လေ၏။ ဦးအိုက်ပန်က တည်ကြည်သောမျက်နှာဖြင့် လူငယ်ကိုကြည့်၍

“အဲဒီ လူဟာ ဘယ်သူမှမဟုတ်ဘူး၊ လူကလေးပဲ”

ဟုတီးတိုးပြောလိုက်လေ၏။

လူငယ်သည် ဦးအိုက်ပန်၏ စကားကြောင့် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး

"ဘာ… ကျုပ်က ဝါးတောင်းလေးရဲ့ အဖုံးကို ဖွင့်တယ် ဟုတ်လား"

ဟုအထိတ်တလန့် မေးမြန်းလေ၏။ ဦးအိုက်ပန်က ခေါင်းညိတ်၍

"ဟုတ်တယ် လူကလေး၊ လူကလေးဟာ လူမမယ်ကလေးငယ်ဆိုတော့ ဝါးတောင်းထဲက အနီရောင်ပင့်ကူလေးကို အလွန်စိတ်ဝင်စားတယ်၊ ဒါကြောင့် ညဘက် လူကြီးတွေ အိပ်ပျော်နေတုန်း ဝါးတောင်းလေးရဲ့အဖုံးကို ဖွင့်ကြည့်တာပဲ၊ လူကလေးဖွင့် ကြည့်တဲ့အချိန်မှာ ပင့်ကူနီလေးဟာ ဝါးတောင်းထဲက လွတ်ထွက်သွားတယ်လေ"

ဟုပြောလေရာ လူငယ်က စိတ်ထိခိုက်ကြေကွဲဟန်ဖြင့်

"ဒါဆိုရင် ကျုပ်အတွက်ကြောင့် ကျုပ်အဖေသေခဲ့ရတာ ပေါ့၊ အဖေသေတာ ကျုပ်အပြစ်ပေါ့"

ဟုရေရွတ်လိုက်လေ၏။ လူငယ်၏ အမူအရာကြောင့် ဦးအိုက်ပန်က ခေါင်းခါယမ်း၍

"ဒီလိုလဲ မဟုတ်ပါဘူးလူကလေးရယ်၊ သတ္တဝါအားလုံးဟာ ကံစီမံရာအတိုင်း ဖြစ်နေတာပဲလေ၊ လူကလေးဟာ အသိဉာဏ်မပြည့်စုံသေးတဲ့ ကလေးငယ်လေးဆိုတော့ အပြစ်ရှိတယ်လို့ မပြောနိုင်ပါ ဘူးလေ"

ဟုပြောဆိုလေ၏။ လူငယ်က ခေါင်းခါယမ်း၍

"ဘာပဲဖြစ်ဖြစ် အဖေသေတာ ကျုပ်ရဲ့ပယောဂကြောင့်ပဲပေါ့"

ဟုဝမ်းပန်းတနည်းရေရွတ်လေ၏။ ဦးအိုက်ပန်က ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက် ပြန်ပြီး

"လူကလေးရဲ့အဖေဟာ ဒီနေ့အချိန်မှာ သေရတော့မယ်

ဆိုတဲ့ကံကြမ္မာပါလို့ သေဆုံးရတာ ပါ၊ ဘာပဲဖြစ်ဖြစ် အတိတ်ကို ပြန်မစဉ်းစားရင် အကောင်းဆုံးပါပဲ၊ လူဆိုတဲ့သတ္တဝါဟာ စဉ်းစားစရာမရှိရင် အတိတ်က ဝမ်းနည်းကြေကွဲစရာအကြောင်းတွေကို ပြန်စဉ်းစားနေတတ်တယ်၊ ဒါဟာ အကြီးမားဆုံး မှားယွင်းမှုတစ်ခုပဲ၊ လူကလေး အတိတ်က ဝမ်းနည်းမှုတွေနဲ့ မကြုံရသေးတဲ့အနာဂတ်ကို တွေးပါများ ရင်စိုးရိမ်သောကကို စွဲကပ်သွားတတ်တယ်၊ စိုးရိမ်သောကဆိုတာ ကြောက်စရာအကောင်းဆုံး အဆိပ် တစ်ခုပဲ၊ အဆိပ်ကို လက်မခံမိအောင်ကြိုးစားပါလူကလေး”

ဟုမှာကြားလေ၏။ လူငယ်က ဦးအိုက်ပန်စကားကို နားထောင်နေပြီးနောက် စိတ်အားတင်း လိုက်ဟန်ဖြင့်

“အဖေသေပြီးတော့ အမေက ကျုပ်ကို ပြုစုပျိုးထောင်ခဲ့တာတော့ မှတ်မိနေပါတယ်၊ ဒါပေမဲ့ ကျုပ်ဆယ်နှစ်သားအရွယ်မှာ အမေကဘာဖြစ်လို့ ဒီအိမ်ကြီးမှာ ကျုပ်ကို ထားသွားခဲ့တာလဲ”

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးအိုက်ပန်က မီးလင်းဖိုထဲရှိ ထင်းတုံးကြီးကို ထိုးဆွ၍

“ဒါဟာ ရှောင်လွှဲလို့မရတဲ့ ကံကြမ္မာကြောင့်ပါ၊ လူကလေးရဲ့ အမေနန်းကြည်ဟာ လူကလေးကို ဆယ်နှစ်သားအရွယ်အထိ ဟောဒီအိမ်ကြီးမှာပဲ ကြီးပြင်းအောင် ကျွေးမွေးပြုစုခဲ့တယ်၊ ဒီအချိန်မှာပဲ စိတ်သဘောထား ကြမ်းကြုတ်ရက်စက်ပြီး ငြိုးမာန်ကြီးတဲ့လူကလေးရဲ့ဦးလေးစိုင်းလုံကျောက်ဟာ လူကလေးရဲ့အဖေကို ကလဲ့စားချေမယ်ဆိုပြီး မြန်မာပြည်အနှံ့မှာဆယ်နှစ်လောက်လိုက်ရှာပြီး မတွေ့တဲ့အဆုံးမှာ ရွာကိုပြန်လာခဲ့တယ်၊ ရွာကို ပြန်ရောက်တဲ့အခါ ဖခင်ကြီး ဦးစိုင်းလုံသေဆုံးသွားပြီး သူ့ညီမ နန်းကြည်ဟာ သူ့ရဲ့ရန်သူတော်မိုးဇက်နဲ့မေတ္တာမျှပြီး ရွာကထွက်သွားတဲ့အကြောင်း သိလိုက်ရတယ်၊ ဒီအခါမှာ စိုင်းလုံကျောက်ဟာ ဒေါသအိုး အကြီးအကျယ်ပေါက် ကွဲပြီး လင်မယားနှစ်ယောက်စလုံးသတ်မယ်ဆိုပြီး

နေရာအနှံ့လိုက်ရှာနေတယ်၊ နောက်ဆုံးမှာ စိုင်းလုံးကျော်ဟာ ပောဒီအိမ်ကြီးကို ရောက်လာတော့မဲ့သတင်းကို နန်းကြည်ကြိုသိခဲ့တယ်၊ စိုင်းလုံကျော်ဟာ အလွန်စိတ်သဘောထားခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်တဲ့အတွက် ညီမအရင်းကိုတောင် အသက်ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒါကြောင့်ညီမလေးနန်းကြည်ဟာလူကလေးကိုထားရစ်ခဲ့ပြီးဒီအိမ်ကြီးကထွက်ခွာဖို့ပြ ပဲ၊ နန်းကြည်ဟာ လူကလေးကို ခွဲခွာခါနီး မှာ အမှတ်တရအနေနဲ့ ဒေါင်းတံဆိပ်ဒင်္ဂါးပြားပါတဲ့ဆွဲကြိုးကိုပေးထားခဲ့တယ်၊ နန်းကြည်ရဲ့လည်တိုင်မှာလည်း ဒေါင်းတံဆိပ်ဒင်္ဂါးပြားပါတဲ့ ဆွဲကြိုးတစ်ကုံး အမြဲဆွဲထားတယ်၊တစ်နေ့နေ့မှာ လူကလေးတို့သားအမိဟာဒေါင်းတံဆိပ်ဆွဲပြားကြောင့် ပြန်လည်တွေ့ဆုံနိုင်အောင်စီမံခဲ့တာပဲ၊ နန်းကြည်ဟာအခွင့်ရေးရရင်ဒီအိမ်ကြီးကို ရောက်အောင်ပြန်လာခဲ့မယ်လို့ မှာကြားခဲ့တယ်၊ သူဒီအိမ်ကြီးကထွက်သွားတဲ့အကြောင်းကို လူကလေးအသက်(၁၈)နှစ်မပြည့်မီမှာ ဖွင့်မပြောဖို့ ကျုပ်ကိုကတိတောင်းခဲ့တယ်၊ လူကလေး အသက် (၁၈) နှစ်ပြည့်တဲ့ အချိန်မှာ သူ့အမေကို ရှာဖွေချင်စိတ်ရှိရင် ရှာဖွေဖို့ ခွင့်ပေးပါလို့ မှာကြားထားခဲ့တယ်”

ဟုပြောလေရာ လူငယ်သည် မျက်လုံးများ ဝင်းလက်တောက်ပြောင်လာပြီး

“ဟင်… ဒါဆိုရင် ကျုပ်အမေကို ရှာဖွေလို့ရပြီပေါ့၊ ဝမ်းသာလိုက်တာဗျာ၊ အမေကို ကျုပ်သိပ်တွေ့ချင်တယ်၊ အမေဘယ်ဘဝရောက်နေရောက်နေ မရရအောင်ရှာမယ်ဗျာ”

ဟုလက်သီးလက်မောင်းတန်း၍ ကြွေးကြော်လေ၏။ ဦးအိုက်ပန်က ခေါင်းညိတ်၍

“လူကလေး ရှာချင်စိတ်ရှိရင်လဲ ရှာဖို့ခွင့်ပြုပါတယ်၊

လူကလေးမှာကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကိုယ်ခံပညာရှိနေတာပဲ၊ ကျုပ်ပူပင်သောက မရှိပါဘူး၊ လူ့လောကကြီးနဲ့ပတ်သက်လို့ကတော့ လူကလေးမှာ အတွေ့အကြုံ အလွန်နည်းသေးတယ်၊ ဒါကြောင့် လူ့ဘဝရဲ့ အတွေ့အကြုံတွေကို သင်ယူဖို့ တိုက်တွန်းချင်တယ်”

ဟုပြောလေရာ လူငယ်က ခေါင်းညိတ်၍

“စိတ်ချပါ ဦးအိုက်ပန်၊ လူ့လောကကြီးထဲကို ရောက်တဲ့အခါ အတွေ့အကြုံတိုင်းကို သင်ယူဖို့ ကြိုးစားပါမယ်”

ဟုပြောလေ၏။ ဦးအိုက်ပန်က မီးလင်းဖိုမှ ထင်းတုံးများကို ထိုးဆွရင်း

“အတွေ့အကြုံ ဗဟုသုတရှိတဲ့ လူတွေအားလုံးဟာ လူ့လောကကြီးထဲက သင်ယူဖို့လမ်းညွှန် လေ့ရှိတယ်၊ လူငယ်တွေဟာ မြင်မြင်သမျှကို မျက်စိနဲ့နားကိုဖွင့်ပြီးခံယူနေသင့်တယ်၊ တကယ်တော့ အရာရာတိုင်းဟာ ကိုယ့်ကိုသင်ပြပေးနိုင်တယ်၊ သဘာဝအလျှောက် ဖူးပွင့်နေတဲ့ပန်းကလေးတွေ၊ စိမ်းလန်းစိုပြေနေတဲ့ သစ်ပင်တွေ၊ စမ်းချောင်းတွေ၊ တိရစ္ဆာန်တွေဆီကတောင် သင်ယူနိုင်တယ်၊ ရှေးတုန်းက ပညာရှိကြီးတွေဟာ သစ်ပင်ပန်းမာန်နဲ့ တိရစ္ဆာန်ငယ်တွေ ဆီကတောင် အတွေးအခေါ် ဒဿနတွေ ထုတ်ယူနိုင်ခဲ့တယ်၊ ပညာရှိကြီးတစ်ယောက်ဟာ အိမ်ဖွဲ့နေတဲ့ ပင့်ကူလေးတွေကိုကြည့်ပြီး ပင့်ကူတွေ ညီညွတ်ရင် ခြင်္သေ့ကိုတောင် ထိန်းချုပ်နိုင်တယ်လို့ ရေးသားခဲ့ဖူးတယ်”

ဟုမှာကြားလေရာ လူငယ်က ဦးအိုက်ပန်၏ စကားကို လေးနက်စွာ နာယူမှတ်သားလေ၏။

ဦးအိုက်ပန်က မီးလင်းဖိုထဲရှိ ထင်းတုံးများကို ထိုးဆွရင်း

“လူကလေးအမေ နန်းကြည်ဟာ ဒီနေ့ဒီအချိန်ထိ သက်ရှိထင်းရှားရှိနေမယ်ဆိုတာ ကျုပ် ယုံကြည်တယ်၊ လူကလေးဟာ ဦးလေးဖြစ်တဲ့ စိုင်းလုံးကျော်နဲ့ ထိပ်တိုက်တွေ့ရင်တော့ အထူးသတိပြုဖို့ မှာကြားချင်တယ်၊

စိုင်းလုံကျောက်ရဲ့သိုင်းပညာဟာ ကျုပ်နဲ့အဆင့်သိပ်မကွာဘူး၊ သူဟာ အလွန်ကြမ်းကြုတ်ရက်စက်တယ်၊ အတွေ့အကြုံများတယ်၊ လူကလေးဟာ သူ့ထက်ပိုမိုပြီး ငယ်ရွယ်နုနယ်တယ်၊ ဉာဏ်ရည်ဉာဏ်တွေးကောင်းတယ်၊ စိုင်းလုံးကျောက်ဟာ သိုင်းပညာကို အလွန်အကြူးလေ့ကျင့်ပေမဲ့ သူ့မှာ ဉာဏ်ရည်နည်းပါးတဲ့အတွက် လေ့ကျင့်သလောက် မတိုးတက်တာ အမှန်ပဲ၊ ဒီအခွင့်အရေးကို အားနည်းချက်အဖြစ်အသုံးချပါ၊ ဘာပဲဖြစ်ဖြစ် စိုင်းလုံကျောက်ဟာ လူကလေးရဲ့ဦးလေးအရင်းအခြာဖြစ်တဲ့အတွက် တတ်နိုင်သမျှ ခိုက်ရန်မဖြစ်ပွားဖို့ သဘောထားပါ၊ ကဲ ... ညဥ့်နက်လှပြီလူကလေး အိပ်ရာဝင်ပေတော့၊ လူကလေး ဒီအိမ်ကြီးက မကြာမီ ထွက်ခွာရတော့မယ်”

ဟုပြောကာ သူ၏ စကားကို အဆုံးသတ်လိုက်လေတော့၏ ။

လူငယ်သည် ထိုနေ့ညက အိပ်မပျော်ဘဲ မိဘများ၏ အတိတ်ဘဝဇာတ်ကြောင်းကိုတွေးတောနေမိ၏ ။ ဖခင်သည် သူ၏ ပယောဂကြောင့် အဆိပ်ပြင်းသောပင့်ကူတစ်ကောင်၏ ကိုက်ခဲမှုကို ခံခဲ့ရ၏ ။

လူငယ်သည် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်သောညက မိမိကို စွန့်ခွာသွားသော မိခင်၏ သဏ္ဌာန်ကို ပြန်လည်မြင်ယောင်လာလေ၏ ။

မိခင်သည် ဖတဆိုးသားလေးကို မခွဲနိုင်မခွာရက်ဖြစ်ဟန်ဖြင့် အံကိုတင်းတင်းကြိတ်၍ ကျောခိုင်းထွက်ခွာသွားပုံကို မျက်လုံးထဲမှ ထုတ်မရချေ။

လူငယ်သည် မိခင်ကိုပြန်လည်ရှာဖွေရမည်ဟူသောမျှော်လင့်ချက်ဖြင့် စိတ်ဓာတ်များတက်ကြွနေလေ၏ ။ ထိုနေ့ညက အိပ်စက်၍ မပျော်နိုင်ဘဲ တစ်ညလုံး တလူးလူးတလွန့်လွန့်ဖြင့် ရှိနေလေ၏ ။

*

နောက်တစ်နေ့နံနက်တွင် လူငယ်အိပ်ရာနိုးသောအခါ ဦးအိုက်ပန်သည် အိမ်အိုဟောင်းကြီးအပြင်ဘက်ရှိ ပက်လက်မြင်းလှည်းပေါ်သို့

ကျောပိုးအိတ်ကြီးတစ်လုံးကို တင်နေကြောင်း တွေ့ရ၏။

လူငယ်က အိမ်အိုဟောင်းကြီးထဲမှထွက်၍ ဦးအိုက်ပန်အနီးသို့သွားကာ

“ဦးအိုက်ပန် ကျောပိုးအိတ်ကြီးကို ပြင်လို့ပါလား၊ ဘာကိစ္စတုန်း”

ဟုမေးမြန်းလိုက်လေ၏။

ဦးအိုက်ပန်က လူငယ်ဘက်သို့လှည့်၍

“လူကလေး ခရီးထွက်ဖို့ ပြင်ဆင်နေတာကွ၊ မင်း ဒီနေ့မနက်ဘဲ ခရီးဆက်ရမယ်”

ဟုပြောလေရာ လူငယ်သည် လွန်စွာအံ့သြသွားလေ၏။ ထို့ကြောင့်ပါးစပ်အဟောင်းသားဖြင့်

“ခရီးထွက်ရမယ်ဆိုတော့လဲ ချက်ချင်းကြီးပါလား၊ ဘာမှ မပြင်ဆင်လိုက်ရဘူး”

ဟုပြောဆိုလေရာ ဦးအိုက်ပန်က သက်ပြင်းချ၍

“အရာရာတိုင်းဟာ ကြိုတင်ပြင်ဆင်ဖို့ အချိန်မပေးနိုင်ဘူး၊ အမြဲတမ်း ရင်ဆိုင်ဖို့အသင့်ဖြစ်နေရမယ်၊ အန္တရာယ်နဲ့တွေ့မှ ပြင်ဆင်မယ်ဆိုရင် အများကြီးနောက်ကျသွားပြီ”

ဟုပြောလေ၏။ ဦးအိုက်ပန်စကားကြောင့် လူငယ်သည်စောဒကမတက်တော့ဘဲ ကျောပိုးအိတ်ကိုဖွင့်၍ ကြည့်ရှုလေရာဖျင်ကြမ်းအကျႌ၊ ဘောင်းဘီနှစ်စုံနှင့်ဓားတိုလေးနှစ်ချောင်း၊ ရေဘူး၊ တောလိုက်ဓားမြှောင်၊ ကြိုးခွေနှင့် ငွေကြေးအနည်းငယ်ပါရှိ၏။

လူငယ်သည်ကျောပိုးအိတ်ကို ပြန်ပိတ်ပြီး ပက်လက်မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်သောအခါ ဦးအိုက်ပန်က မြင်းလှည်းကို စတင်မောင်းနှင်လေ၏။

မြင်းလှည်းကို တောလမ်းအတိုင်း နာရီဝက်နီးပါး မောင်းနှင်ပြီးသောအခါ ကားလမ်းပေါ်သို့ ရောက်လေ၏။ ထို့နောက် လက်ဖက်ခြောက်များ တင်ဆောင်လာသော လော်ရီကားကြီးတစ်စီးကို တားဆီး၍ ကား၏ အနောက်မှ လိုက်ခဲ့လေ၏။

လော်ရီကားကြီးသည် တအိအိမောင်းနှင်သွားလေ၏။

ယနေ့မှစ၍ လောကကြီးကို မိမိတစ်ဦးတည်း ရင်ဆိုင်ရပေတော့မည်။ လူငယ်သည် အားငယ်နွမ်းလျစိတ်မရှိဘဲ စိတ်အားသတ္တိများ တက်ကြွနေလေ၏။

*